## ၇။ ကန်စွန်းဥနှာတံရှည်ကျိုင်း

**Sweet Potato weevil : *Cylas formicarius* (Fabricius, 1798)**

**Coleoptera: Brentidae**

### ဖျက်ကောင်ပုံသဏ္ဍာန်




လောက်ကောင်သည် အဖြူ (သို့) အဝါဖျော့ရောင်ရှိပြီး ဦးခေါင်းသည် အညို ရောင်ဖြစ်သည်။ ခန္ဓာကိုယ်နှင့်ယှဉ်လျှင် ဦးခေါင်းပိုင်းက ပိုကြီးသည်။ ရုပ်ဖုံများအား လိုဏ်ခေါင်း ပြုလုပ်ထားသော အပင်အစိတ်အပိုင်းထဲတွင် တွေ့ရသည်။ အကောင် ကြီးသည် ပုရွက်ဆိတ် နှင့်အလားသဏ္ဍာန်တူ၍ ခန္ဓာကိုယ်မှာ အနီရောင်ဖြစ်ပြီး ဦးခေါင်း ပိုင်းသည် အနက်ရောင် ရှိသည်။ ရှည်လျားသော နှာတံပါရှိသည်။

### ဖျက်ဆီးပုံလက္ခဏာများ



အပင်ရိုးတံကို လိုဏ်ခေါင်းသဖွယ်တူး၍ စားသောက်ဖျက်ဆီးသည်။ အပင်ပုံသဏ္ဍာန်မမှန်ခြင်း၊ ရိုးတံများကွဲအက်လာခြင်း စသည့် လက္ခဏာများကို တွေ့ရတတ် ပါသည်။

အရွက်များသည် စိမ်းဖျော့ဖျော့ဖြစ်လာနိုင်ပြီး အပင်၏ကြီးထွားမှုနှင့် သန်စွမ်းမှု အား ဆိုးဝါးစွာထိခိုက်နိုင်ပါသည်။ ရံဖန်ရံခါတွင် အကောင်ကြီးသည် အရွက်နှင့် အညှာ များအားခြစ်၍စားသောက်ပြီး ဘဲဥပုံအကွက်များတွေ့ရတတ်သည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– (၄–၇)** ရက် |
| လောက်ကောင် အဆင့် | **– (**၁၆–၅၈) ရက် |
| ရုပ်ဖုံး အဆင့် | – **(**၄–၈**)** ရက် |
| အကောင်ကြီး အဆင့် | **– (**၆၃–၁၂၀**)** ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ပေါင်းမြက်များအားရှင်းလင်းပါ။

(၂) ပင်ကြွင်းပင်ကျန်များအား ဖျက်ဆီးရှင်းလင်းပါ။

(၃)သီးညှပ်စိုက်ခြင်း၊ သီးလှည့်စိုက်ခြင်းတို့ပြုလုပ်ပါ။

(၄)မြေပြင်ချိန်တွင် မြေအောင်းပိုးသတ်ဆေးဖစ်ပရိုနေး ၃ ဂျီအာ (Fipronil 3GR) (သို့) ကာတတ်ဟိုက် ဒရိုကလိုရိုက် ၄ဂျီ(Cartap hydrochloride 4G) ထည့်ပါ။

(၅)ထိသေစားသေအာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအ တိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဆိုင်ပါမီသရင် (Cypermethrin)
- လန်မ်ဒါဆိုင်ဟေလိုသရင် (Lambda-Cyhalothrin)
- ကာဘာရိုင်း (Carbaryl)